# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

**December 27 , 2024** **Volume 85 , Number 19**


| ၂၇.၁၂.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၇.၃၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၃.၆၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၈.၀၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၃.၅၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၆၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၆၉ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## တနင်္သာရီတိုင်းဒေသကြီး၌ ယခုနှစ်တွင် ရော်ဘာဈေးကောင်း၍ ရော်ဘာစိုက်တောင်သူများ အကျိုးဖြစ်ထွန်း



တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ယခုနှစ်ရော်ဘာခြစ်ရာသီတွင် ရော်ဘာဈေးကောင်းရရှိ ၍ ရော်ဘာစိုက်တောင်သူများ အကျိုးအမြတ်ပိုမိုရရှိနေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ စက်မှုသီးနှံတစ်မျိုးဖြစ်သည့် ရော်ဘာကိုအဓိက စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သူများပြားပြီး ယခင်နှစ်ကဈေးနှုန်းများတည်ငြိမ်မှုမရှိသော်လည်းယခုနှစ်တွင်ပြည်ပမှဝယ်ယူလာသည့်အတွက် ပြည်တွင်းရော်ဘာဈေးကွက်အတွင်း၌ဈေးအတက်ဘက်ကို ဦးတည်နေကြောင်း တုံးဗျောကျေးရွာမှ ရော်ဘာစိုက်ခြံရှင်တစ်ဦးကပြောသည်။

ရော်ဘာကိုပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၁၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ပြီး အပူအအေးပြောင်းလဲမှုနည်းသောရာသီဥတုကိုကြိုက်နှစ်သက်ကြောင်း၊ အပူချိန်အနည်းဆုံး ၅၅ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် အသင့်တော်ဆုံးမိုးရေချိန်မှာ ၈၀– ၁၆၀ လက်မထိဖြစ်သည်။

ယခုနှစ်တွင် ရော်ဘာစိုက်တောင်သူများအနေဖြင့် ဈေးကောင်းရရှိနေသော်လည်း ရော်ဘာခြစ်လုပ်သားငှားရမ်းမှုတွင် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

ရော်ဘာနှစ်စဉ်ထွက်ရှိသည့်အချိန်မှာ အောက်တိုဘာလဆန်းပိုင်းမှစတင်ပြီး ရော်ဘာစိုက်ခြံရှင်များအနေဖြင့် ရော်ဘာပင်ခုနစ်နှစ်ကျော်ခန့်တွင် စတင်ရော်ဘာစေးခြစ်ယူရကြောင်း ရော်ဘာစိုက်တောင်သူတစ်ဦးကပြောသည်။

ရော်ဘာစိုက်တောင်သူများ စိုက်ပျိုးစရိတ်အနေဖြင့်စတင်စိုက်ပျိုးသည့်နှစ်တွင် တစ်ပင်ကိုငွေကျပ် ၄၀၀၀ ခန့်ကုန်ကျမှုရှိပြီးနောက်နှစ်များတွင်မြေဩဇာ ပိုးသတ်ဆေး၊လုပ်သားခ အပါအဝင်ကုန်ကျစရိတ်မှာ ရော်ဘာတစ်ပင်ကို ငွေကျပ် ၁၀၀၀ ခန့်ကုန်ကျမှုရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်ရော်ဘာစိုက်ပျိုးထုတ်လုပ်ထွက်ရှိမှုနှင့်ပြည်ပသို့တင်ပို့မှုအများဆုံးမှာတနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှထွက်ရှိသည့် ရော်ဘာများမှာအကောင်းဆုံးဖြစ်ကြောင်း ရော်ဘာဈေးကွက်အတွင်းက သိရသည်။

ရော်ဘာသည် ၁၈၇၆ ခုနှစ်တွင်မြန်မာနိုင်ငံသို့စတင်ရောက်ရှိလာပြီး တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် အစောဆုံးစိုက်ပျိုးခဲ့ကာ ၁၉၀၅ ခုနှစ်တွင် စီးပွားဖြစ်စတင်စိုက်ပျိုးလုပ်ကိုင်ခဲ့ကြောင်း သိရသည်။

ရော်ဘာသည် စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းတွင်အရေးပါသလိုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွင် အရေးပါသော man made forest ဖြစ်၍ သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုစေသည့်အပြင် ရော်ဘာပင်မှ ရော်ဘာသစ်ထင်း၊ ရော်ဘာပြား၊ ရော်ဘာအစေးရည်၊ဆွဲဖတ်ခွက်ကပ်မှသည် တန်ဖိုးမြင့်ထုတ်ကုန်များစွာကို ထုတ်လုပ်နိုင်ကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလ ၂၈ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်း တန်ချိန် ၁ ဒသမ ၃၉ သန်း တင်ပို့နိုင်ခဲ့

ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလ ၂၈ ရက်အထိ ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁၆၉၄ သန်းခန့်တန်ဖိုးရှိ ပဲမျိုးစုံ ၊ ပြောင်းနှင့်နှမ်းတန်ချိန် ၁ ဒသမ ၃၉ တန်းတင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ပြောင်းနှင့် နှမ်းကုန်သည်များအသင်းက သိရသည်။

ပြည်တွင်းမှထွက်ရှိသည့်ပဲမျိုးစုံ၊ပြောင်းနှင့်နှမ်းတို့ကို ပြည်ပသို့တင်ပို့ရာတွင်အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ပြီး ဒုတိယအများဆုံးမှာ တရုတ်နိုင်ငံဖြစ်သည်။

ထို့ပြင် ဂျပန်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှား၊ ယူအေအီးနှင့် ပါကစ္စတန်စသည့်နိုင်ငံတို့သို့လည်း ပဲမျိုးစုံကိုအဓိကထားတင်ပို့ကာ ပြောင်းနှင့်နှမ်းကိုလည်း တင်ပို့နေကြောင်း သိရသည်။

“ ပြည်ပကိုတင်ပို့ခဲ့တဲ့ ပဲအမျိုးအစားတွေကတော့ မြန်မာနိုင်ငံကနေအများဆုံးထွက်တဲ့ ပဲအမျိုးအစားတွေပါပဲ။ မတ်ပဲကို အများဆုံးတင်ပို့နေပြီး ဒုတိယအများဆုံးတင်ပို့တာကတော့ ပဲတီစိမ်းဖြစ်ပါတယ်။

ဒါ့ပြင် ပဲစင်းငုံ ပဲလွမ်းဖြူ၊ ကုလားပဲ၊ ထောပတ်ပဲနဲ့တခြားပဲအမျိုးအစားတွေလည်း တင်ပို့နေပါတယ်”ဟု မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံမှပြည်ပသို့တင်ပို့သောပဲများ၏ ၆၀ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ပြီးဒုတိယအများဆုံးအဖြစ် တရုတ်နိုင်ငံသို့ ၁၃ ရာခိုင်နှုန်းတင်ပို့ခဲ့ကြောင်းနှင့် တခြားသော ဂျပန်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ထိုင်းနှင့် မလေးရှားစသည့်နိုင်ငံတို့သို့လည်း တင်ပို့ခဲ့ကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## FTI EXPO 2025 ကျင်းပမည်

ထိုင်းနိုင်ငံ၊ Queen Sirikit National Convention Center, Hall 5-8 ၌ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၅ ရက်အထိ FTI EXPO 2025 ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Federation of Thai Industries (FTI) သည် ထိုင်းနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရာတွင် စက်မှုလုပ်ငန်းဦးဆောင်သူများအား စုစည်းပေးလျက်ရှိသည့်အကျိုးအမြတ်မယူသောပုဂ္ဂလိကအဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ FTI သည် ထိုင်းနိုင်ငံ၏စက်မှုကဏ္ဍဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်နှင့်ကဏ္ဍပေါင်းစုံပေါင်းစပ်ညှိနှိုင်းမှုကိုမြှင့်တင်လျက် “One FTI” မူဝါဒမှတစ်ဆင့် ထိုင်းနိုင်ငံစက်မှုကဏ္ဍမြှင့်တင်ရန်၊ ကမ္ဘာ့ထုတ်ကုန်အခြေစိုက်နေရာအဖြစ်ထိုင်းနိုင်ငံမှအဆင်သင့်ဖြစ်နေမှုတို့ကိုပြသရန် FTI သည် “Empowering Thai Industry, Elevating Thailand's Future” ခေါင်းစဉ်အောက်မှ “FTI EXPO 2025” ကို ဦးဆောင်ကျင်းပမည်ဖြစ်ကြောင်း၊အဆိုပါပြပွဲအခမ်းအနားသည် 4GO သဘောတရားဖြစ်သည့်GO Digital & AI, Go Innovation,

Go Global, Go Green နှင့်အညီ ထိုင်းနိုင်ငံ၏ စက်မှုကဏ္ဍရှေ့ဆက်ဆောင်ရွက်မည့် ရည်မှန်းချက်ကို မိတ်ဆက်သွားရန်ရည်ရွယ်ပါကြောင်း၊၎င်းပြပွဲသည်ထိုင်းနိုင်ငံ၏ထုတ်ကုန်များပြသခြင်း၊စီးပွားရေးရေရှည်တည်တံ့မှုကို ပံ့ပိုးပေးသည့်နည်းပညာအဆင့်မြှင့်တင်မှုများ၊ကမ္ဘာ့ခေတ်ရေစီးကြောင်း၏စက်မှုကဏ္ဍကြိုတင်ပြင်ဆင်ရေးဆိုင်ရာဆွေးနွေးပွဲများတွင်ပါဝင်ခြင်း၊ဈေးကွက်ချဲ့ထွင်ရေးအခွင့်အလမ်းများရှာဖွေနိုင်ရန်စီးပွားရေးကွန်ရက်ချဲ့ထွင်ခြင်းတို့အတွက်စကြံနိတစ်ရပ်အဖြစ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ FTI EXPO 2025 ပြပွဲသို့ ပြခန်းကြိုတင်ရယူရန် စိတ်ပါဝင်စားသူများအနေဖြင့်ရရှိနိုင်သော packagesများကို ထည့်သွင်းစဉ်းစားနိုင်ရန် (သို့မဟုတ်) အသေးစိတ်အချက်အလက်များအတွက် FTI ၏ နိုင်ငံခြားရေးဌာနသို့ ဆက်သွယ်နိုင်ပါကြောင်း သိရသည်။

အထက်ပါ FTI EXPO 2025 ပြပွဲသို့ပါဝင်ပြသလိုသည့်မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြခန်းကြိုတင်ရယူလိုပါက ဖုန်းနံပါတ် +၆၆ ၂၃၄၅ ၁၀၀၀ နှင့် www.fti.or.th တွင် အသေးစိတ်ဝင်ရောက်လေ့လာနိုင်ပါကြောင်းနှင့်မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ဖုန်း-၀၆၇-၄၀၈၆၂၂၊ E-mail : event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

**Source :** https://myantrade.gov.mm/event/naypyitaw_24122024%201410

## ဆိပ်ဖြူမြို့နယ်တွင် ဆီထွက်သီးနှံဆောင်းမြေပဲစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် တည်ရှိပြီး နှစ်စဉ်ဆီထွက်သီးနှံမြေပဲကို မိုးနှင့်ဆောင်းနှစ်ရာသီစိုက်ပျိုးလျက်ရှိသည်။

ဆောင်းမြေပဲကိုရွာသစ်၊ အနောက်ပိုင်း၊ အလယ်ပိုင်းရပ်ကွက်နှင့် ကိုးတောင့်၊ ချင်းတောင်၊ အောက်ဆိပ်၊ မြင်ကဝ၊ ကမ္ဘာ့ကြီးအုပ်စုအတွင်းရှိ တောင်သူများသည်ရောဝတီမြစ်ရိုးတစ်လျှောက်ရှိ ကိုင်းကျွန်းမြေများတွင် မြေပဲလုံးဆန်ဖြူ (S1) အတောင့်သေးမျိုးကို စိုက်ဧက ၁၀၀၀ ခန့်အား ဒီဇင်ဘာလဆန်းမှစတင်၍စိုက်ပျိုးကြပြီးဖေဖော်ဝါရီလကုန်မတ်လတွင်မြေပဲတူးဖော်ရိတ်သိမ်းကြောင်း သိရသည်။

သီးညှပ်သီးနှံအဖြစ်မြေပဲခင်းကြားတွင်နေကြာ၊စားတော်ပဲ၊ပြောင်းဖူး၊ပဲနီကြားသီးနှံများနှင့်ရော၍ စိုက်ပျိုးကြောင်း သိရသည်။

ဆောင်းမြေပဲစိုက်ပျိုးရာတွင် မျိုးမြေပဲဆန်တစ်ပြည်လျှင် ကျပ် ၉၅၀၀၊ တစ်တင်းလျှင် ကျပ် ၁၅၂,၀၀၀ဖြင့် ဝယ်ယူစိုက်ပျိုးရပြီး ၁ဧကလျှင် မျိုးစေ့ ၂ တင်းခန့်စိုက်ပျိုးရကြောင်း၊အလုပ်သမားငှားပြီး လက်ဖြင့်မြေပဲဆန်တစ်စေ့ချင်းချပြီး စိုက်ပျိုးရကြောင်း၊ ၁ ဧကလျှင် အလုပ်သမား ၁၅ ဦးခန့် ငှားရမ်းပြီး တစ်ဦးလျှင် ကျပ်၄၀၀၀၊ နွားတစ်ရှဉ်း ကျပ်၂၅၀၀၀နှုန်းဖြင့် ငှားရမ်းစိုက်ပျိုးရကြောင်း၊ နွားရှဉ်းဖြင့် ထယ်ချောင်းဆွဲပြီး မျိုးစေ့ဖြူးချ စိုက်ပျိုးလျှင် မြေပဲလုံးဆန် ၃ တင်းခန့်ဝယ်ယူစိုက်ပျိုးရကြောင်း၊ စိုက်တောင်သူအများစုမှာ မျိုးစေ့ကုန်ကျမှုနည်းပြီးအပင်ပေါက်စုံပြီးအထွက်ကောင်းရန်အတွက်ကုန်ကျစရိတ်များသော်လည်း အလုပ်သမားငှားရမ်း၍ စိုက်ပျိုးမှုများကြောင်း သိရသည်။

ကုန်ကျစရိတ်အနေဖြင့် ယခင်နှစ်စိုက်ပျိုးချိန်တွင်မျိုးမြေပဲဆန်တစ်ပြည်လျှင် ကျပ် ၇၀၀၀ ဈေးဖြင့်ဝယ်ယူစိုက်ပျိုးရပြီးကုန်ကျစရိတ်မှာ ၁ ဧကလျှင်ငွေကျပ်၇သိန်းခန့်ကုန်ကျပြီးမြေပဲအထွက်တင်းမှာရာသီဥတုအနေအထားပေါ်မူတည်၍ ၄၀ မှ ၅၅ တင်းထိထွက်ရှိကြောင်း၊ သီးနှံပေါ်ချိန်မြေပဲတောင့်အခြောက်တစ်တင်းလျှင်ကျပ် ၃၂,၀၀၀ - ၃၀,၀၀၀၊ အဆန်တစ်ပြည်လျှင် ကျပ် ၇၀၀၀ - ၁၂,၀၀၀ဈေးဖြင့်ရောင်းချရ၍ ငွေကျပ်၁၀သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း၊ တောင်သူတစ်ဦးချင်းအနေဖြင့် သွင်းအားစု သုံးစွဲမှုမတူညီ၍ အထွက်နှုန်းမတူညီခြင်းကြောင့် အကျိုးအမြတ်ရရှိမှုမှာလည်း မတူညီကြောင်း သိရသည်။

ယခုလက်ရှိ ဒေသတွင်းဈေးကွက်တွင် မြေပဲဆီဈေးနှုန်းမှာတစ်ပိဿာလျှင်ပဲဆုံဆီ ကျပ် ၁၈,၀၀၀၊ စက်ပဲဆီ ကျပ် ၁၆,၀၀၀-

၁၆,၅၀၀၊ ပဲရောဆီကျပ် ၁၃,၀၀၀ –၁၄,၀၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲဖတ်တစ်ပိဿာလျှင်ကျပ် ၅၉၀၀ – ၆၀၀၀၊ မြေပဲဆန်တစ်ပြည်လျှင် ကျပ်၇၂၀၀– ၈၅၀၀– ၉၀၀၀ပေါက်ဈေးရှိကြောင်း၊မြေပဲဈေးကွက်အနေဖြင့် ၂၀၂၂ခုနှစ် ဩဂုတ်လမှစ၍ ပြည်ပအဝယ်လိုက်ခြင်းကြောင့်ဈေးနှုန်းမြင့်တက်အရောင်းအဝယ်ဖြစ်ခဲ့ရာမှမြေပဲဈေးကွက်ပြန်လည်ကျဆင်းခြင်းမရှိဘဲ ယခုအချိန်ထိဈေးကွက်ခိုင်မာလျက်ရှိကြောင်း၊ယခုနှစ်တွင် ပြည်တွင်းစားသုံးသူများမှ ဒေသသီးနှံထွက်မြေပဲဆီဝယ်ယူစားသုံးမှုမြင့်မားလာ၍ဆီစက်များတွင်ကျယ်စွာလည်ပတ်ခြင်းကြောင့်ဆီစက်လုပ်ငန်းရှင်များမှမြေပဲဝယ်ယူမှုများခြင်းအပြင် ပြည်ပနိုင်ငံများသို့လည်းတင်ပို့လျက်ရှိခြင်းကြောင့်ပြည်တွင်းမြေပဲဈေးကွက်ခိုင်မာမှုရရှိနေ၍ဒေသတွင်းဆီထွက်သီးနှံမြေပဲစိုက်တောင်သူများမှလည်း မိမိမိသားစုစားသုံးဆီဖူလုံမှုရရှိသည့်အပြင် အကျိုးအမြတ်ရရှိခြင်းကြောင့် ဆီထွက်သီးနှံမြေပဲစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးကြောင်း သိရသည်။

**Source : DOCA မကွေး**

https://www.doca.gov.mm/

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလတတိယပတ်အထိ နေလှန်းဆား ပိဿာ ၆၀,၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် ၊ ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလတတိယပတ်အထိ ဒေသထွက်နေလှန်းဆား ပိဿာ ၆၀,၀၀၀ ကျော်တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလ တစ်လတာကာလအတွင်း ဒေသထွက်နေလှန်းဆား ပိဿာ ၈၃၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလ တတိယပတ်အထိ နေလှန်းဆား ပိဿာ ၆၀၀၀၀ ကျော်တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ ငပုတောမြို့နယ်ကနေဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချနေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဆားတွေကလက်ကျန်နေလှန်းဆားတွေဖြစ်ပါတယ်။ အခုလိုအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေအလုပ်အကိုင်အခွင့်အလမ်းရရှိပြီးအဆင်ပြေလာတယ်။ဒီဘက်ကထွက်တဲ့နေလှန်းဆားတွေက အရည်အသွေးလည်းကောင်းတယ်”ဟု ၎င်းကပြောသည်။

ငပုတောမြို့နယ်၌ဒေသထွက်နေလှန်းဆားများကိုဆားလုပ်ငန်းလုပ်ကိုင်သူများက စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိသည်။

အဆိုပါ ဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့် လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**Source: မြဝတီသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင်ဒေသထွက်ခရမ်းသီးများ ဒီဇင်ဘာလဒုတိယပတ်မှစတင်ပြီးဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊အဆို

ပါဒေသမှထွက်ရှိသည့် ခရမ်းသီးများမှတစ်ရက်လျှင်အလုံးရေ ၄၀,၀၀၀မှ ၅၅,၀၀၀ ထိအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေထွက်ရှိတဲ့ ခရမ်းသီးတွေအဝယ်လိုက်နေပါတယ်။ကျောင်းကုန်းမြို့နယ်ကနေ အခြားဒေသတွေကို ခရမ်းသီးအလုံးရေ ၅၅,၀၀၀ ထိတင်ပို့ရောင်းချနေပါတယ်။ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာတွေ့ရပါတယ်။ ဒီနှစ်ခရမ်းသီးတွေက အရည်အသွေးကောင်းသလိုအထွက်နှုန်းလဲကောင်းပါတယ်။ လက်ရှိခရမ်းအဝိုင်းသီးကောအရှည်သီးကောအမျိုးအစားနှစ်မျိုးစလုံးအရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟုကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၁,၀၀၀ ပေါက်စျေးရှိကြောင်း၊ အဆိုပါဒေသထွက်ခရမ်းသီးများအပါအဝင် အခြားကုန်စိမ်းများကို ကျောင်းကုန်းစျေးကွက်အပြင် ပုသိမ်၊ ရေကြည် စသည့်ဒေသများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## ဒေါ်နယ်ထရမ့်၏ အကောက်ခွန်ကောက်ခံမှုအစီအစဉ်သည် စျေးသက်သာသည့်မော်တော်ယာဉ်များကို အထိခိုက်ဆုံးဖြစ်စေနိုင်

ငွေကြေးအကန့်သတ်ရှိသည့် အမေရိကန်နိုင်ငံသားများအတွက် အမေရိကန်နိုင်ငံ၌ စျေးသက်သာသည့်မော်တော်ယာဉ်များဝယ်ယူရန်ရှာဖွေရသည်မှာစိန်ခေါ်မှုတစ်ရပ်ဖြစ်လာခဲ့ပြီးမက္ကဆီကိုနိုင်ငံတွင်ထုတ်လုပ်သည့်မော်တော်ယာဉ်များအပေါ်အကောက်ခွန်နှုန်းအသစ်များ သတ်မှတ်ကောက်ခံခြင်းသည် ယင်းပြဿနာကိုပို၍ဆိုးရွားစေခဲ့ကြောင်း Wall Street Journal အွန်လိုင်းသတင်း၌ ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံတွင်ရောင်းချလျက်ရှိသည့်မော်တော်ယာဉ်သုံးပုံတစ်ပုံ၏စျေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၃၀,၀၀၀ အောက်ရှိပြီး ၎င်းမော်တော်ယာဉ်များသည် မက္ကဆီကိုနိုင်ငံထုတ်မော်တော်ယာဉ်များဖြစ်ကာ Nissan Sentra ၊ Ford Maverick နှင့်အခြားနာမည်ကြီးတံဆိပ်များပါဝင်ကြောင်း၊ လွန်ခဲ့သော ၁၀ စုနှစ်အတွင်း အမေရိကန်နိုင်ငံတွင်ရောင်းချသည့် မော်တော်ယာဉ်ငါးပုံတစ်ပုံခန့်ကိုသာ မက္ကဆီကိုနိုင်ငံတွင် ထုတ်လုပ်ခဲ့ကြောင်း၊ မက္ကဆီကိုနိုင်ငံသည် ထုတ်လုပ်မှုစရိတ်ကြီးမားသည့် အမေရိကန်မော်တော်ယာဉ်ထုတ်လုပ်သူများအတွက်တန်ဖိုးနည်းမော်တော်ယာဉ်များထုတ်လုပ်ရာနေရာတစ်ခုဖြစ်လာခဲ့ကြောင်း၊၂၀၂၄ ခုနှစ် ၊ နိုဝင်ဘာလတွင် ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်က မက္ကဆီကိုနှင့်ကနေဒါနိုင်ငံတို့မှ သွင်းကုန်များအပေါ် အကောက်ခွန် ၂၅ ရာခိုင်နှုန်းကောက်ခံမည်ဟုပြောကြားခဲ့ရာ ယင်းသို့ ပြောကြားခဲ့ခြင်းသည် ၎င်း၏ ပထမအကြိမ်သမ္မတသက်တမ်းအတွင်း ညှိနှိုင်းချုပ်ဆိုခဲ့သည့် အမေရိကန်မက္ကဆီကိုကနေဒါ လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ် U.S. Mexico Canada Agreement USMCA ကို ဖျက်သိမ်းနိုင်သည့်သဘောသက်ရောက်ခဲ့ကြောင်း၊ မော်တော်ယာဉ်ရောင်းဝယ်သူများနှင့် လေ့လာဆန်းစစ်သူများက အကောက်ခွန်နှုန်းသတ်မှတ်ကောက်ခံခြင်းသည် စားသုံးသူများအတွက် စျေးနှုန်းမြင့်မားလာစေမည်ဖြစ်ပြီး အထူးသဖြင့်စျေးသက်သာသည့်မော်တော်ယာဉ်များနှင့် SUVs များကို ထိခိုက်မှုအများဆုံးဖြစ်နိုင်ကြောင်း၊ စျေးသက်သာသည့်အခြားမော်တော်ယာဉ်တံဆိပ်တစ်ခုဖြစ်သည့် Honda Civic Sedan ကို ကနေဒါနိုင်ငံတွင် ထုတ်လုပ်ခြင်းဖြစ်ရာ အကောက်ခွန်နှုန်းသတ်မှတ်ကောက်ခံခြင်းသည်ကုန်ထုတ်လုပ်သူများနှင့်စားသုံးသူများအပေါ်စရိတ်မြင့်မားစေနိုင်ကြောင်း၊Wolfe Research အဖွဲ့၏ ခန့်မှန်းချက်အရ ဒေါ်နယ်ထရမ့်၏အကောက်ခွန်အဆိုပြုချက်ကြောင့် အမေရိကန်နိုင်ငံတွင်ရောင်းချသည့်မော်တော်ယာဉ်များ၏ စျေးနှုန်းသည် အမေရိကန်ဒေါ်လာ ၃၀၀၀ အထိတိုးလာနိုင်ကြောင်း၊ မက္ကဆီကိုနိုင်ငံ၌ မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီများတွင် KIA မော်တော်ယာဉ်ကုမ္ပဏီလည်းပါဝင်ရာ အမေရိကန်နိုင်ငံတွင် ရောင်းချသည့် ၎င်း၏ Forte နှင့် K4 compact sedans များကိုမက္ကဆီကိုနိုင်ငံတွင်ထုတ်လုပ်လျက်ရှိကြောင်း၊ ယင်းမော်တော်ယာဉ်အမျိုးအစားများသည် အမေရိကန်နိုင်ငံရှိ KIA ၏ရောင်းအား ၁၈ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း၊ ထို့ကြောင့်မြောက်အမေရိကန်နိုင်ငံများ၏ သွင်းကုန်များကို အကောက်ခွန်

သတ်မှတ်ကောက်ခံခြင်းသည် အမေရိကန်မော်တော်ယာဉ်လုပ်ငန်းများအပေါ်အထောက်အကူမဖြစ်စေဘဲထိခိုက်မှုများနိုင်ကြောင်း သိရသည်။

မက္ကဆီကိုနိုင်ငံရှိမော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်သည့်စက်ရုံ ၂၀ ကျော်မှ နှစ်စဉ်မော်တော်ယာဉ်အစီးရေ ၄ သန်းခန့် တပ်ဆင်ထုတ်လုပ်လျက်ရှိပြီး ယင်း၏ ၇၀ ရာခိုင်နှုန်းကို အမေရိကန်နိုင်ငံ၌ရောင်းချရန် တင်ပို့လျက်ရှိသည်။

၁၉၉၄ ခုနှစ်တွင်မြောက်အမေရိကန်လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ် North American Free Trade Agreement, NAFTA ချုပ်ဆိုပြီးနောက်ပိုင်း မော်တော်ယာဉ်ကုမ္ပဏီများသည် မက္ကဆီကိုနိုင်ငံ၌ ထုတ်လုပ်ရန်အများအပြားဝင်ရောက်ခဲ့ကြရာ မက္ကဆီကိုနိုင်ငံသည် အသေးစားမော်တော်ယာဉ်များနှင့် SUVs ထုတ်လုပ်သည့် အရေးပါသောနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ မက္ကဆီကိုနိုင်ငံသည် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာပြီး အဆိုပါ Models များထုတ်လုပ်ခြင်းဖြင့် အမြတ်များရရှိကြကြောင်း၊ထို့ပြင်မော်တော်ယာဉ်အစိတ်အပိုင်းများတပ်ဆင်သည့်စက်ရုံများရှိလုပ်သားများ၏လုပ်ခလစာမှာတစ်နာရီလျှင် ၃ ဒသမ ၅၀ ဒေါ်လာမှ ၄ ဒသမ၃၀ ဒေါ်လာအထိသာရှိပြီးအမေရိကန်နိုင်ငံတွင်တစ်နာရီလျှင် ၃၃ ဒေါ်လာပေးရကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်၏ ပထမအကြိမ်သမ္မတသက်တမ်းတွင် NAFTA နေရာ၌ USMCA ကိုအစားထိုးချုပ်ဆိုခဲ့ပြီး အကောက်ခွန်ကင်းလွတ်ခွင့်ကို ဆက်လက်ထားရှိခဲ့ပါကြောင်း၊အသစ်ချုပ်ဆိုခဲ့သည့် USMCA အရ ကုန်ထုတ်လုပ်ငန်းများအနေဖြင့် အကောက်ခွန်နှုန်းကို ရှောင်ရှားရန်အတွက် မြောက်အမေရိကနိုင်ငံများမှ ပါဝင်ပစ္စည်းသည် ၄၀ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းအထိပါဝင်ရမည်ဖြစ်ရာမော်တော်ယာဉ်ထုတ်လုပ်မှုဖြစ်ပါကမြောက်အမေရိကနိုင်ငံများမှအလုပ်သမားများ၏လုပ်အားပါဝင်မှုအနည်းဆုံး ၁၆ နာရီရှိရမည်ဖြစ်ကြောင်း သိရသည်။

BMW နှင့် Toyota Motor တို့သည်လည်း ၂၀၁၉ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံ၌လုပ်ငန်းများတိုးချဲ့ဖွင့်လှစ်ခဲ့ကြပြီး General Motors ၏ အမေရိကန်နိုင်ငံ၌ရောင်းချသည့်မော်တော်ယာဉ်သုံးပုံတစ်ပုံကိုလည်းကောင်း၊ Mazda Motor ၏ Compact Mazda3 ကိုလည်းကောင်း မက္ကဆီကိုနိုင်ငံ၌ ထုတ်လုပ်လျက်ရှိသည်။

ထို့ကြောင့်မော်တော်ယာဉ်ထုတ်လုပ်သူများအနေဖြင့်ဒေါ်နယ်ထရမ့်၏အကောက်ခွန်သတ်မှတ်ကောက်ခံမှုသည်ညှိနှိုင်းဆွေးနွေးသည့်နည်းလမ်း Negotiating tactic တစ်ခုဖြစ်ရန်ကိုသာ စောင့်ကြည့်လေ့လာလျက်ရှိကြောင်း သိရသည်။

**Source : စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။**

https://myantrade.gov.mm/

## ယူရိုဇုန်၏ ငွေကြေးဖောင်းပွမှုသည် ခန့်မှန်းထားသည်ထက် လျော့နည်းသွားသော်လည်း ဂျာမနီတွင် မြင့်မားနေဆဲဖြစ်

ဥရောပသမဂ္ဂတွင်ယူရိုငွေကြေးတစ်ခုတည်းကိုသာသုံးစွဲသောယူရိုငွေကြေးနယ်ပယ်၏ငွေကြေးဖောင်းပွမှုသည်မျှော်လင့်ထားသည်ထက်အနည်းငယ်လျော့နည်းလာသော်လည်းစတုတ္ထသုံးလပတ်၏ဒုတိယလတွင်ဆက်တိုက်ပြန်လည်မြင့်တက်လာခဲ့ပါသည်။

သို့သော်လည်း ဂျာမနီ၏ငွေကြေးဖောင်းပွမှုနှုန်းမှာ ယူရိုဇုန်ငွေကြေးဖောင်းပွမှုနှုန်း၏ ပျမ်းမျှအထက်တွင်ရှိနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

လူဇင်ဘတ်အခြေစိုက် စာရင်းအင်းရုံး Eurostat ၏ ဖော်ပြချက်အရ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ပျမ်းမျှစားသုံးသူဈေးနှုန်းများသည် ခန့်မှန်းထားသည့် ၂ ဒသမ၃ ရာခိုင်နှုန်းထက်အနည်းငယ်လျော့နည်းကာ ၂ ဒသမ၂ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ကြောင်းနှင့် အောက်တိုဘာလတွင် ၂ ရာခိုင်နှုန်း၊ စက်တင်ဘာလတွင် ၁ ဒသမ ၇ ရာခိုင်နှုန်းခန့် အသီးသီးမြင့်တက်ခဲ့ကြောင်း သိရသည်။

ယူရိုဇုန်နိုင်ငံတစ်ခုချင်းစီ၏ ငွေကြေးဖောင်းပွမှုကို နှိုင်းယှဉ်ကြည့်ပါက ဘယ်လ်ဂျီယံနိုင်ငံတွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ၄ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ ယူရိုငွေကြေးတစ်ခုတည်းကို မသုံးစွဲရသေးသည့် ရိုမေးနီးယားနိုင်ငံတွင် ၅ ဒသမ

၄ ရာခိုင်နှုန်းနှင့် ခရိုအေးရှားနိုင်ငံတွင် ၄ ရာခိုင်နှုန်းဖြင့် တတိယအမြင့်ဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျာမနီ၏ငွေကြေးဖောင်းပွမှုမှာ ပျမ်းမျှ ၂ ဒသမ၄ ရာခိုင်နှုန်းအထက်တွင် ရှိနေဆဲဖြစ်သော်လည်း ပြင်သစ်နှင့်အီတလီတို့မှာမူ ၂ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိသွားပြီဖြစ်ကြောင်းနှင့်  နှစ်စဉ်ငွေကြေးဖောင်းပွမှုအနိမ့်ဆုံးနိုင်ငံများမှာ အိုင်ယာလန်၊ လစ်သူယေးနီးယားနှင့် လူဇင်ဘတ်တို့ဖြစ်ကြောင်း ဖော်ပြထားသည်။

ရုရှားမှယူကရိန်းကိုကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်နှောင်းပိုင်းတွင် ၁၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ရောက်ရှိခဲ့သော ငွေကြေးဖောင်းပွမှုနှုန်းသည် အမြင့်ဆုံးအခြေအနေမှတဖြည်းဖြည်းကျဆင်းလာခဲ့ပြီဖြစ်ရာယင်းသည် ဥရောပဗဟိုဘဏ် ECB ၏ ကာလလတ် သတ်မှတ်ချက်ဖြစ်သော ၂ ရာခိုင်နှုန်းနှင့်လိုက်လျောညီထွေရှိနေကြောင်း သိရသည်။

တစ်ချိန်တည်းတွင်ပင် ယူရိုဇုန်၏ ဆောက်လုပ်ရေးကဏ္ဍထုတ်လုပ်မှုသည် စက်တင်ဘာလတွင် ကျဆင်းသွားခဲ့ပြီးနောက် အောက်တိုဘာလတွင် ပြန်လည်အားကောင်း လာခဲ့ကြောင်း ဖော်ပြထားသည်။

Eurostat ၏ ကိန်းဂဏန်းအချက်အလက်များအရဆောက်လုပ်ရေးကဏ္ဍ၏ ထုတ်ကုန်များသည် စက်တင်ဘာလတွင် သုည ဒသမ ၃ ရာခိုင်နှုန်းခန့်ကျဆင်းသွားခဲ့ပြီးနောက် အောက်တိုဘာလတွင် ၁ ရာခိုင်နှုန်းခန့် ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ ယင်းသည် ၂၀၂၃ ခုနှစ်ဖေဖော်ဝါရီလနောက်ပိုင်းတွင်အကြီးမားဆုံးသောတိုးတက်မှုကိုကိုယ်စားပြုကြောင်း ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက အောက်တိုဘာလတွင်မြို့ပြအင်ဂျင်နီယာလုပ်ငန်းများ၌ ၁ ဒသမ ၆ရာခိုင်နှုန်း၊ အဆောက်အဦလုပ်ငန်းများ၌ သုည ဒသမ ၇ ရာခိုင်နှုန်းနှင့်ယူရိုရေိယာရှိ အထူးဆောက်လုပ်ရေးလုပ်ငန်းများ၌  သုည ဒသမ ၅ ရာခိုင်နှုန်းအသီးသီးတိုးတက်မှုရှိလာ သည်ဟု လေ့လာသူများက ပြောကြားခဲ့ကြောင်း သိရသည်။

ဆောက်လုပ်ရေးကဏ္ဍထုတ်လုပ်မှုတွင် လစဉ်တိုးတက်မှု အများဆုံးရှိသောနိုင်ငံများအဖြစ် စလိုဗက်ကီးယား၊ ဩစတြေးလျှ ဟန်ဂေရီနှင့်ပေါ်တူဂီနိုင်ငံတို့ကို မှတ်တမ်းတင်နိုင်ခဲ့ပြီးရိုမေးနီးယားနှင့်ပိုလန်တို့တွင် တိုးတက်မှုလျော့နည်းသွားကြောင်း ဖော်ပြထားသည်။

**Source:** https://www.dw.com/en/eurozone-inflation-rises-less-than-expectedmore-in-germany/a-71093182

**စီးပွားရေးသံမှူး၊ ဘာလင်**

https://myantrade.gov.mm/

## အိန္ဒိယ၏ ဆန်လက်ကျန် စံချိန်တင်မြင့်မားမှုက ပြည်ပသို့ ပိုမိုတင်ပို့မှုဖြစ်စေနိုင်



ကမ္ဘာ့အကြီးဆုံးဆန် တင်ပို့သူဖြစ်သည့်အိန္ဒိယနိုင်ငံတွင် ဆန်သိုလှောင်မှုလက်ကျန်သည်ဒီဇင်ဘာလဆန်းပိုင်း၌အစိုးရ၏လျာထားချက်ပမာဏထက် ၅ ဆကျော်မြင့်တက်လျက်အမြင့်ဆုံးသို့စံချိန်တင်ရောက်ရှိခဲ့ရာပြည်ပသို့ ဆန်တင်ပို့မှုပိုမိုအားကောင်းလာမည့် အခြေအနေရှိသည်။

ကြိတ်ခွဲခြင်းမပြုရသေးသော စပါးများအပါအဝင် အစိုးရလက်ဝယ်၌ အရန်ဆန် သိုလှောင်ထားရှိမှုသည် ဒီဇင်ဘာ ၁ ရက်နေ့တွင် မက်ထရစ်တန်ချိန် ၄၄ ဒသမ ၁ သန်းရှိပြီး အစိုးရ၏လျာထားချက်တန်ချိန် ၇ ဒသမ ၆ သန်းထက်ကျော်လွန်လျက်ရှိကြောင်း အိန္ဒိယစားသောက်ကုန်ကော်ပိုရေးရှင်းမှ ပြုစုထားသည့်အချက်အလက်များအရ သိရသည်။

ဒီဇင်ဘာ ၁ ရက်နေ့ရှိ ဂျုံလက်ကျန်ပမာဏသည်ရည်မှန်းထားသည့် တန်ချိန် ၁၃ ဒသမ ၈ သန်းကို ကျော်လွန်၍ တန်ချိန် ၂၂ ဒသမ ၃ သန်းရှိကြောင်း သိရသည်။

ဆန်လက်ကျန်ပမာဏမြင့်မားမှုသည် ပြည်တွင်းရောင်းလိုအားကိုထိခိုက်မှုမဖြစ်စေဘဲ ဆန်တင်ပို့မှုကိုမြှင့်တင်ခွင့်ရရှိစေမည်

ဖြစ်သည်။

ယမန်နှစ်က မုတ်သုံမိုးရွာသွန်းမှုပုံသဏ္ဍာန်မမှန်ခြင်းက အိန္ဒိယအစိုးရအနေဖြင့် ဆန်အဆင့်အတန်းအားလုံးကို တင်ပို့မှုကန့်သတ်ရန်တွန်းအားဖြစ်စေခဲ့သည်။

ယခုနှစ်၌ ဆန်စပါးအထွက်တိုးမည်ဟုမျှော်မှန်းထားရှိရာ ဆန်ကွဲမှအပ ဆန်အမျိုးအစားအားလုံးအပေါ် တင်ပို့မှုကန့်သတ်ချက်များအား ပြန်လည်ဖယ်ရှားခဲ့ခြင်းဖြစ်သည်။

စပါးကျီများ၌ စပါးများပြည့်လျှံနေမှုနှင့်အတူ ယခုနှစ်နွေရာသီတွင်အိန္ဒိယလယ်သမားများအနေဖြင့် စပါးတန်ချိန် သန်း ၁၂၀ ကို စံချိန်တင် ရိတ်သိမ်းရရှိခဲ့ပြီး ၎င်းပမာဏသည် စုစုပေါင်းထွက်ရှိမှု၏ ၈၅ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ သီးနှံအသစ်များဝင်ရောက်လာသည်နှင့်အမျှ အိန္ဒိယစားသောက်ကုန်ကော်ပိုရေးရှင်း၏ အရန်သိုလှောင်မှုသည်လာမည့်လများအတွင်း ထပ်မံတိုးမြင့်လာနိုင်ပြီးသိုလှောင်မှုဆိုင်ရာအခက်အခဲများ များပြားလာနိုင်ကြောင်း သိရသည်။

အိန္ဒိယစားသောက်ကုန်ကော်ပိုရေးရှင်းအနေဖြင့် ၂၀၂၃ - ၂၀၂၄ ခုနှစ် သီးနှံရာသီတွင် တောင်သူများထံမှ ဆန်တန်ချိန် ၄၆ ဒသမ ၃ သန်းကို ဝယ်ယူသိုလှောင်ထားရှိခဲ့ပြီး အောက်တိုဘာ ၁ ရက် နေ့တွင်စတင်ခဲ့သည့် နွေရာသီ၌ စိုက်ပျိုးထွက်ရှိသော ဆန်စပါးများ ဈေးကွက်တင်ရောင်းဝယ်ရေးနှစ်အတွင်း ဆန်အသစ် မက်ထရစ်တန် ၄၈ ဒသမ ၅ သန်းကို ဝယ်ယူဖွယ်ရှိကြောင်း၊ ယခုနှစ်မုတ်သုံမိုးရွာသွန်းမှုများကောင်းမွန်မှုအရတောင်သူများသည်စိုက်ပျိုးဧရိယာများကိုတိုးချဲ့လာခဲ့ကြကြောင်းရိုက်တာ သတင်းဌာနက ဖော်ပြထားသည်။

**Source: Reuters,13Dec2024**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

## ဒီဇင်ဘာလအတွင်း မိုးသည်းထန်မှုများကြောင့် မလေးရှား၏ စားအုန်းဆီ အထွက်ပမာဏ ကျဆင်း



ကမ္ဘာ့စားအုန်းဆီဒုတိယအများဆုံးထုတ်လုပ်သည့် မလေးရှားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စားအုန်းဆီထုတ်လုပ်မှုသည် ဒီဇင်ဘာတွင် ၄ လဆက်တိုက် ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်းအစိုးရအဖွဲ့အစည်းတစ်ရပ်ဖြစ်သော မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ MPOB က ဒီဇင်ဘာ ၁၃ ရက်နေ့တွင် ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

မလေးရှား၏ စားအုန်းဆီအထွက်ကျဆင်းမှုက ပြည်တွင်းသိုလှောင်မှုလက်ကျန်ပမာဏကို လျော့ကျစေမည်ဖြစ်ပြီး နှစ် နှစ်ခွဲကျော်ကာလအတွင်း အမြင့်ဆုံးအဆင့်သို့ရောက်လုနီးပါးဖြစ်ပေါ်နေသော စားအုန်းဆီ ကြိုတင်အရောင်းဈေးနှုန်းများကို ပိုမိုမြင့်တက်စေဖွယ်ရှိသည်။

MPOB အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် Ahmad Parveez Ghulam Kadir က ပုံမှန်အခြေအနေတွင် စားအုန်းဆီကြမ်း CPO ထုတ်လုပ်မှုမှာ ၅ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ လျော့ကျနိုင်မည်ဟု ခန့်မှန်းထားကြောင်းနှင့် သို့ရာတွင်ပြင်းထန်သောရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်မည်ဆိုပါက ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်မှုကျဆင်းနိုင်ကြောင်း ပြောဆိုသည်။

ပန်နီဆူလာမလေးရှားကျွန်းဆွယ်တွင် အထူးသဖြင့်မလေးရှားနိုင်ငံ၏အရှေ့မြောက်ဘက်ကမ်းရိုးတန်းနှင့် ထိုင်းနိုင်ငံတောင်ပိုင်းဒေသတို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လူဒါဇင်နှင့်ချီသေဆုံးခဲ့ပြီး နေအိမ်များ၊ လမ်းပန်းဆက်သွယ်ရေးနှင့် စပါးစိုက်ခင်း ဧကထောင်ပေါင်းများစွာ ပျက်ဆီးခဲ့ရသည်။

မိုးရွာသွန်းမှုများသည် ခန့်မှန်းထားသည်ထက်ကျော်လွန်များပြားခဲ့ပြီး မလေးရှားနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသအချို့

၌ နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်နေ့အတွင်း မိုးရွာသွန်းမှုသည် ၆ လစာ မိုးရေချိန်ရရှိမှုထက်ပိုမိုခဲ့သည်ဟု မလေးရှားဝန်ကြီးချုပ် Anwar Ibrahim က ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၏ စားအုန်းဆီကြမ်းထုတ်လုပ်မှုသည် နိုဝင်ဘာလတွင် တန်ချိန် ၁ ဒသမ ၆၂ သန်းသာ ရှိခဲ့သည့်အတွက် အောက်တိုဘာလ၌ ထုတ်လုပ်နိုင်မှုအောက် ၉ ဒသမ ၈ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် ထုတ်လုပ်မှု ပမာဏ အနိမ့်ဆုံးလဖြစ်ကြောင်း MPOB က ယခု သီတင်းပတ် အစောပိုင်းတွင် ပြောကြားသည်။

မလေးရှားမိုးလေဝသဌာနက ပြည်နယ်အချို့တွင် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်မှ ၁၉ ရက်အတွင်း မိုးအဆက်မပြတ်ရွာသွန်းနိုင်ကြောင်း ဒီဇင်ဘာလ ၁၃ ရက်နေ့၌ ခန့်မှန်းထားသည်။

ထိုသို့ မိုးသည်းထန်မှုကြောင့် ဒုတိယအကြိမ်ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းချက်ထုတ်ပြန်ထားမှုအပေါ် အခြေအနေကိုအနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း၊မိုးသည်းထန်စွာရွာသွန်းမှုသည်လမ်းတံတားများကဲ့သို့စိုက်ခင်းအခြေခံအဆောက်အဦများကိုပျက်စီးစေနိုင်ပြီး သီးနှံများရိတ်သိမ်းရခက်ခဲခြင်း၊ စိုက်ခင်းခြံများမှဆီကြိတ်စက်ရုံများအထိ သယ်ယူပို့ဆောင်ရေးခက်ခဲခြင်းတို့ဖြစ်ပေါ်စေနိုင်ကြောင်း Mr. Kadir က ပြောကြားသည်။

မလေးရှားနိုင်ငံသည် ၂၀၂၃ ခုနှစ်ဒီဇင်ဘာလတွင် စားအုန်းဆီကြမ်းတန်ချိန် ၁ ဒသမ ၅၅ သန်း ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုနှစ်ဒီဇင်ဘာလထုတ်လုပ်မှုမှာယခင်နှစ်အောက်များစွာကျဆင်းနိုင်သည်ဟု မလေးရှားစားအုန်းဆီထုတ်လုပ်သူတစ်ဦးကပြောဆိုကြောင်း၊စားအုန်းဆီသည် ပဲပုပ်ဆီနှင့်နေကြာဆီတို့ထက် နိမ့်ကျသောဈေးနှုန်းဖြင့်ရောင်းဝယ်လေ့ရှိသော်လည်း လက်ရှိကာလတွင်ထုတ်လုပ်မှုအကန့်အသတ်များကြောင့် အဆိုပါပြိုင်ဘက်ဆီများကိုကျော်လွန်လျက် ပရီမီယံဈေးနှုန်းအဆင့်သို့ ရောက်ရှိနေကြောင်း သိရသည်။

**Source:Reuters,13Dec2024**

လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့

https://www.doca.gov.mm/

## STOCK EXCHANGE (27.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,275 (Shares) | 12,069,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +200 | +2.44% | 8,200 | 8,400 | 8,200 | 524 | 4,321,400 | 33,109,694 | 278,121 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 598 | 1,863,000 | 38,929,150 | 120,680 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 21 | 39,900 | 29,664,613 | 56,363 |
| TMH | 00005 | 3,300 | +300 | +10.00% | 3,300 | 3,300 | 3,300 | 1 | 3,300 | 12,823,224 | 42,317 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 721 | 1,210,450 | 19,977,223 | 32,962 |
| AMATA | 00007 | 4,200 | -200 | -4.55% | 4,200 | 4,200 | 4,200 | 181 | 760,200 | 10,497,598 | 44,090 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 1,229 | 3,871,350 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 27th Dec. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.68 | +2.88 | +0.74% | 386.69 | 390.68 | 386.69 | 3,275 | 12,069,600 | 8 | 736,887 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 27th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 3,410 (Shares) | 12,488,100 (MMK) |

### Main Board

As of 1:00 pm, 27th Dec. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,275 (Shares) | 12,069,600 (MMK) |

| MYANPIX | 390.68 ▲ 2.88 |
|---|---|
| Total Volume (shares) | 3,275 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 736,887 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 200 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,300 | ▲ 300 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,200 | ▼ 200 |
| MAEX | 00008 | 3,150 | ▲ 0 |